
စဆုံးလုံးချင်းဝတ္ထုသစ်
ရငြွတ်နိုး
မာယာတောမှာမောလှပြီ

# အခန်း (၁)

အသက်ဝိညာဉ် ကင်းမဲ့နေပြီဖြစ်သော မေမေ့ရုပ်အလောင်းကို သူမ ငေးစိုက်ကြည့်မိနေရင်း… ရင်ထဲမှာ စူးနင့်ကြေကွဲမှုတွေနှင့် မျက်ရည်တွေက မျက်ဝန်းတွေထဲ ယိုစိမ့်ပြည့်နှက်နေကာ အော်ဟစ် ငိုကြွေးပစ်ချင်ပေမယ့် အသံတွေက ထွက်မလာဘဲ အသိတွေ ကင်းမဲ့လုဖြစ်နေသည်။ ဒါပေမဲ့လည်း သူမနှုတ်ခမ်းသားတွေပေါ်မှာ တော့ ကျေနပ်မှုရှိသလို အပြုံးကလေးက ရှိနေခဲ့၏။ ဘာဖြစ်လို့ လည်း ဆိုတော့ မေမေမသေခင် ရောဂါဝေဒနာတွေ ပြင်းပြစွာခံစားနေရတဲ့ အချိန်တွင် အကောင်းဆုံး ဆေးခန်းကြီးမှာ အထူးကုဆရာဝန်ကြီးတွေနှင့် ဆေးဝါးကုသပေးခဲ့ရ၍ ဖြစ်သည်။

“မေမေ ချစ်ခြင်း တာဝန်ကျေတယ်မဟုတ်လား၊ သမီးလိမ္မာတယ်မဟုတ်လား… မေမေ့ရဲ့ လူလောကကြီးထဲကနေ သွားရတော့မယ့် နောက်ဆုံးအချိန်လေးမှာ မေမေ ကောင်းကောင်း စားသောက် နေထိုင်ခွင့်နဲ့ ဆေးဝါးတွေလည်း ကောင်းကောင်း ကုသနိုင်ခဲ့တယ်လေ…”

ကြည့်ပါဦး… မေမေ မျက်နှာက ပြည့်ပြည့်ဖြိုးဖြိုးနဲ့ အိပ်စက်နေသလိုပဲ… အသည်းကင်ဆာဆိုတဲ့ ရောဂါဆိုးကြီးခံစားနေရပေမယ့် သမီးချစ်ခြင်းပြိုင်အတွက် ကျောင်းစရိတ်တွေကို ကြိုးစားပမ်းစားရှာဖွေနေရင်း ဆေးခန်းတေ ၁င်ပြ နိုင်ခြင်းမ ရှိခဲ့တဲ့ မေမေရဲ့ ချွေတာစုဆောင်းနေမှုကြောင့် နောက်ဆုံး ဘယ်လိုမှ အသက်ရှင်နေထိုင်

ခွင့် မရှိတော့တဲ့ အချိန်မှ ရောဂါနာမည်ကို သိရှိခဲ့ရတဲ့ မေမေရဲ့ စေတနာမေတ္တာကို ချစ်ခြင်းဘယ်လိုနည်းမျိုးနှင့်ပဲဖြစ်ဖြစ် ငွေကြေးရှာဖွေကာ ဆေးဝါးကုသပေးနိုင်ခဲ့လေသည် ။

"ချစ်ခြင်း သမီး... ဘယ်ကနေ ပိုက်ဆံတွေ ရလာတာလဲ ပြောစမ်း... မဟုတ်မဟတ်တွေ လုပ်လာတာလား... သမီးကိုယ်ကျင့်တရားပျက်ပြားပြီး ရှာဖွေလာတဲ့ ငွေတွေနဲ့ မေမေ အသက်ရှင်ရမယ်ဆိုရင်တောင် မေမေအသက်ရှင်နိုင်မှာ မဟုတ်ဘူး နော်၊ သမီး အဲဒီလိုမလုပ်ပါနဲ့ ၊ မေမေလက်မခံဘူး၊ သမီးဟာ ထာဝရ ဖြူစင်သန့်ရှင်းလွန်းတဲ့ သမီးလေးပဲဖြစ်ရမယ်။ ဘဝမှာ တင့်တင့်တယ်တယ်ရပ်တည်နိုင်ရမယ်..."

မေမေကလက်မခံဘဲ ငြင်းဆန်နေပေမယ့် မေမေ့ သူငယ်ချင်းရဲ့ ကူညီထောက်ပံ့မှု ဖြစ်နေ၍ လက်ခံခဲ့သည် ။

"ခင်တွယ်တာ မင်းကို ချိုကူညီတာပါ၊ မထင်မှတ်ပဲ မင်းသမီးနဲ့ တွေ့ပြီး အကူအညီပေးရတာပါဟယ်"

မေမေ့သူငယ်ချင်း... ကျောင်းနေဘက်သူ ဆိုသူက ချစ်ခြင်းတို့ အိမ်အလည်ရောက်လာရင်း ချစ်ခြင်းအား ငွေချေးယူဖို့ ပြောဆိုလာခဲ့ခြင်းကို မေမေက မသိ။ စေတနာနှင့်ပဲ ကူညီခြင်းဖြစ်ကြောင်းသာ မေမေသိထားခဲ့သည် ။

"မေမေရဲ့ နောက်ဆုံးအချိန်လေးတွေမှာ ချစ်ခြင်း အကောင်းဆုံးဖြစ်စေချင်ပါတယ်၊ တာဝန်ကျေချင်ပါတယ်... ဘယ်လိုနည်းနဲ့ ပဲ ဖြစ်ဖြစ်လေ"

ချစ်ခြင်းကို ဒေါ်ချိုချိုမေက မာမီချိုဟု ခေါ်စေပြီး မာမှီမေခင်ပွန်း အန်ကယ်ကြီးဦးဂျော်နီနှင့် လိုအပ်သောငွေကြေးအကူအညီကို ပေးအပ်ခဲ့

သည် ။ စီးပွားရေးလုပ်ငန်းတစ်ခုလုပ်ရန် ငွေကြေးထည့်ဝင်ခြင်းဟူသော ခေါင်းစဉ်ဖြင့် ငွေကြေးအပ်နှံကြောင်း စာချုပ်မှာ လက်မှတ်တွေ ထိုးခဲ့ရ၏။ ချစ်ခြင်းကတော့ ဘာမှ မစဉ်းစားချင်တော့ပါဘူး။ မေမေ့ကို ဆေးကုပေးချင်တယ်။ အကောင်းဆုံး အစားအစာတွေ ကျွေးလိုက်ချင်တယ်။ မကြာခင် အချိန်အတွင်းမှာ လူ့လောကကြီးထဲမှ ထွက်ခွာရန် သေချာနေသော မေမေအတွက် နောင်တတွေ နာကျင်မှုတွေ ရင်မှာ ပိုက်ထားနေမိမှာ ကြောက်၍ ချစ်ခြင်းပြိုင် အစွမ်းကုန် ပြုစုစောင့်ရှောက်ပေးခဲ့သည် ။

"အကြွေးတင်လည်း ဘာဖြစ်လဲ… မေမေ၊ ချစ်ခြင်းကျေနပ်ပါတယ်၊ ဘယ်လိုနည်းနဲ့ ပဲ ဆပ်ရဆပ်ရ ချစ်ခြင်းအတွက် မေမေဘယ်လောက် အထိပင်ပန်းခဲ့ရလဲ… ငယ်ငယ်လေးကတည်းကပဲ ချစ်ခြင်းအတွက်ပဲ မေမေစဉ်းစားခဲ့တာပါ။ ချစ်ခြင်းလိုအပ်နေတာတွေပဲ ဖြည့်စွမ်းပေးဖို့ ကြိုးစားရင်း ဆင်းရဲနွမ်းပါးပြီး အငတ်အပြတ်ခံရင်း မေမေ လူ့လောကကြီးထဲကနေ ထွက်ခွာသွားရတာ ချစ်ခြင်း စဉ်းစားနေမိမှာ နာကျင်နေရမှာ ကြောက်တယ်"

မေမေ့ သူငယ်ချင်းကလည်း မေမေ့အပေါ် အစွမ်းကုန် ငွေကြေးစိုက်ထုတ်ပေးခဲ့၍ မေမေ့နောက်ဆုံးခရီးက လွန်စွာ သက်သောင့်သက်သာ ရှိခဲ့ရလေသည် ။

"ချစ်ခြင်းကျေနပ်ပါတယ် မေမေရယ်၊ တစ်ယောက်တည်း ကျန်ရစ်ခဲ့ရပြီး… အထီးကျန်ခဲ့ရပေမယ့် မေမေ့အတွက် သမီးအကောင်းဆုံးတွေ လုပ်ပေးခဲ့ရလို့ လေ အရမ်းလည်း ဝမ်းနည်းမနေတော့ပါဘူး"

မေမေ့မျက်နှာက ရောဂါဝေဒနာကို ပြင်းထန်စွာခံစားခဲ့ရပေမယ့်လည်း ပိန်ပိန်ချုံးချုံး မွဲမွဲခြောက်ခြောက် ဖြစ်မနေခဲ့။ တစ်ဦးတည်းသော သ

မီးလေး ချစ်ခြင်းပြိုင်ကို မေမေ့သူငယ်ချင်း ဒေါ်ချိုချိုမေက မွေးစားသမီး အဖြစ် တာဝန်ယူ စောင့်ရှောက်ပေးပါ့မယ်ဟု ကတိပြု၍ မေမေစိတ်ချ လက်ချ အေးချမ်းစွာ တရားမှတ်ရင်း လူ့လောကကြီးထဲမှ အပြီးအပိုင် ထွက်ခွာသွားခဲ့သည် ။

“ချို့ကိုအရမ်းကျေးဇူးတင်ပါတယ်ဟယ်… ငယ်သူငယ်ချင်းတွေ မထ င်မှတ်ဘဲ လာဆုံခဲ့ကြတာ… ကံကောင်းတယ်၊ သမီးလေးချစ်ခြင်းပြိုင်ကို စောင့်ရှောက်ပေးပါ… စိတ်ချပါရစေ”

“ခင်တွယ်တာရယ် ပြောနေစရာလိုသေးလားဟယ်… မင်းနဲ့ ကိုယ် က ငယ်ငယ်လေးတည်းက အရမ်းချစ်ခင်ခဲ့ကြတာပါ၊ ကွဲကွာသွားခဲ့ရတဲ့ နှစ်တွေမှာ လည်း တွယ်တာကို ချိုတစ်နေ့မှ မေ့ပစ်လို့ မရခဲ့ဘူး”

မေမေ့ သူငယ်ချင်းနှင့် တကယ့်ကိုမထင်မှတ်ပဲ တွေ့ဆုံခဲ့တာပါ။ ချစ်ခြင်း အလုပ်လိုက်ရှာရင်း တွေ့ဆုံခဲ့ရသည် ။

“မင်းကိုကြည့်နေတာ မာမီချို့သူငယ်ချင်းနဲ့ တူပါတယ်လို့ ထင်နေ တာ… ဒါကြောင့် မိဘတွေနာမည်မေးကြည့်တာပါ”

မေမေ့သူငယ်ချင်းက ချမ်းသာသည် ကိုယ်ပိုင်ကားနှင့် ငယ်စဉ်က မေမေ့ထက်တောင် ဆင်းရဲနွမ်းပါးသူတဲ့ ၊ ရုပ်ရည်က အသင့်အတင့်ပါပဲ။ ဝတ်ထားတဲ့ စိန်တွေက ခဲသားရောင်လက်လက်ထပြီး တန်ဖိုးကြီးမားကြောင်း သိသာလွန်းနေ၏။ မေမေကိုတွေ့တော့ ဖက်ပြီး ငိုကြသည် ။

“ခင်တွယ်တာရယ် မင်းပဲနော်၊ ချိုအရမ်းလွမ်းနေတာ၊ မင်းသတင်း တွေတော့ ကြားရပါတယ်၊ မင်းယောကျ်ားကွယ်လွန်သွားတဲ့ အထိပဲလေ ”

မာမီချို ချမ်းသာတာကို မေမေပင် အရမ်းအံ့သြနေသည် ။ ချိုက လ ည်တယ်တဲ့ ။ ငယ်ငယ်လေးထဲက ငွေမက်ပြီး ဘယ်လိုနည်းနဲ့ ချမ်းသာ အောင်လုပ်ရမလဲဟု စဉ်းစားနေတတ်တယ်တဲ့ .... မေမေ့ကို ဆေးကု ပေးနိုင်တာရယ်၊ အကောင်းဆုံးတွေ ပြုစုစောင့်ရှောက်ထားပေးနိုင်တာ ရယ်ကိုပဲ ကျေနပ်ခဲ့သည် ။ ချစ်ခြင်းပြိုင်အနေနှင့် မေမေ့ကို နောက်ဆုံးခ ရီး ပို့ဆောင်ရာတွင် လည်း အခမ်းနားဆုံး ပြင်ဆင်ပေးထားခဲ့၏။ အလှ အပကြိုက်လွန်းတဲ့ မေမေ သမီးအတွက် ဦးစားပေးငဲ့ညှာထောက်ထားရ င်း အလွန်ကပ်စေးနဲစွာ ခြိုးခြံနေထိုင်ခဲ့ရသဖြင့် နွမ်းနွမ်းဖတ်ဖတ် မေ မေ့အတွက်... မျက်နှာပြင်ပေါ်မှာ မိတ်ကပ်တွေ လိမ်းခြယ်သပေးထား ကာ တစ်ကိုက်ကို သောင်းဂဏန်းပေးရတဲ့ ဇာလက်ရှည်ခရမ်းရောင် လေးနှင့် သိန်းဂဏန်းရှိသော ကြိုးကြီးချိတ်ခရမ်းရောင်ကို လွှမ်းပေး ထားခဲ့သည် ။

"မေမေက အဲဒီလို အဖိုးတန်အဝတ်အစားတွေ ဝတ်စားပြင်ဆင်ခြင် တာ မဟုတ်လား... သမီးအတွက် ဦးစားပေးပြီးရင်းပေးနေရတာကြော င့် အမြဲတမ်းအင်္ကျီ အဟောင်းအနွမ်းနဲ့ နေခဲ့ရတာပါ။ မေမေ အရမ်းကျ က်သရေရှိတယ်"

မျက်ရည်ပေါက်တွေက သူမပါးပြင်လေးပေါ် တလိမ့်လိမ့်စီးဆင်းကျ နေရင်း သူမ နှုတ်ခမ်းလေးတွေပေါ်မှာ တော့ အပြုံးလေးတွေထင်းနေခဲ့ သည် ။

"ချစ်ခြင်း ငိုပစ် လိုက်လေ... သမီးလေး၊ ကြိတ်မှိတ်ပြီး ခံစားမနေနဲ့ လေ... အားရပါးရငိုချလိုက်"

မာမီချိုက ချစ်ခြင်းရဲ့ ပခုံးတွေကို ပွေ့ဖက်၍ ငိုပစ်လိုက်ဖို့ သတိပေး နေခဲ့ပေမယ့် ချစ်ခြင်းမငိုချင်ပါဘူး... မေမေ့အတွက် အကောင်းဆုံးတွေ

ကို မေမေအသက်ရှင်စဉ် လုပ်ပေးခဲ့၍ ချစ်ခြင်း ဝမ်းနည်းကြေကွဲမှုတွေ မခံစားနေတော့ပါဘူး... မေမေက အားတင်းထားပြီး ရပ်တည်နိုင်အောင် ကြိုးစားပါတဲ့ ... တစ်ယောက်ထဲ ချာချာဖြစ်နေပေမယ့် မာမီချိုတို့ ဇနီးမောင်နှံ ကတော့ ချစ်ခြင်းအား ဂရုတစိုက် အားပေးနှစ်သိမ့်ပေးနေသည် ။

"ချစ်ခြင်း မေမေ့ကို ကန်တော့ လိုက်လေ... သင်္ဂြိုလ်တော့မယ်... တွယ်တာက သမီးကိုကျေနပ်သွားပါတယ်၊ တာဝန်ကျေတဲ့ သမီးလေးပဲ"

မေမေ့အလောင်းကို သင်္ဂြိုလ်ဖို့ ချစ်ခြင်းနောက်ဆုတ်ပေးလိုက်သည် ။ ချစ်ခြင်းနဲ့ မေမေ ခွဲခွာရမယ်ဆိုတာ တစ်နှစ်လောက် ကြိုတင်သိထားခဲ့တာပဲမဟုတ်လား။ အော်ဟစ်ငိုယိုပြီး မေမေ့အလောင်းကို အတင်းဆွဲဖက်ထားတာမျိုး၊ အော်ဟစ်ငိုကြွေးနေတာမျိုး ချစ်ခြင်းမလုပ်ချင်... အားလုံး ချစ်ခြင်းနှင့် မေမေအဆုံးသတ်သွားပြီပဲ... မေမေ့ကိုကန်တော့သည် ။

"မေမေ စိတ်ချလက်ချသွားပါတော့... ချစ်ခြင်းကြောင့် မကျွတ်မလွတ်နိုင်ပဲ၊ နာနာဘာဝ ဘဝနဲ့ မနေထိုင်ပါနဲ့ ၊ ချစ်ခြင်းကို တမလွန်ဘဝကနေ စောင့်ကြည့်မနေပါနဲ့ နော် မေမေ..."

မေမေအလောင်းကို သယ်ဆောင်သွားကြကာ မီးသင်္ဂြိုလ်စက်ထဲ ထည့်လိုက်ကြသည် ။

"ချစ်ခြင်းဘာမှ အားမငယ်နဲ့ နော်... မာမီတို့ ရှိပါတယ်၊ မေမေ စိတ်ဖြောင့်ဖြောင့် သွားပါစေတော့ကွယ်"

မေမေအလောင်းအား မီးသင်္ဂြိုလ်စက်ထဲဝင်သွားကာ ခေါင်းတိုင်မှ မီးခိုးငွေ့တွေထွက် လာပြီးမှ မာမီချို့ကားပေါ် တက်၍ ပြန်ခဲ့သည် ။

“သမီး ရင်တွေလေးလံသွားရတာတော့ အမှန်ပဲမေမေ… အန်ကယ်ကျော်နီ စိုက်ကြည့်နေတဲ့ အန်ကယ်ကျော်နီ့ မျက်ဝန်းအကြည့်တွေကို ကြောက်တယ်၊ တစ်မျိုးပဲ မေမေ… ချိုအီအီရီဝေဝေနဲ့ ဒါပေမဲ့ မေမေကြည့်မနေပါနဲ့ … တခြားဘဝတစ်ခုကို လွတ်လပ်စွာသွားပါတော့”

သူမစိတ်ထဲကနေ မေမေ့ကိုတမ်းတမ်းတတ ပြောနေခဲ့သည် ။ အိမ်ပြန်ရောက်တော့ မာမီချိုရော၊ အန်ကယ်ကျော်နီပါမပြန်ဘဲ အတူနေထိုင်ရင်း ချစ်ခြင်းအနားမှာ အနီးကပ်နှစ်သိမ့်အားပေးနေခဲ့ကြ၏။ အန်ကယ်ကျော်နီက ချစ်ခြင်းအား လိုအပ်တာထက်ပို၍ ဂရုစိုက် ယုယကြင်နာနေသည် ဟု ထင်မိနေသလို၊ မာမီချိုကိုယ်တိုင် ချစ်ခြင်း အန်ကယ်က အရေးကြီးတယ်… သူ့ကိုကပ်ထားဆိုတဲ့ စကားလုံး အဓိပ္ပာယ်ကိုလည်း ချစ်ခြင်း စိတ်မသန့်မိ။ ဘယ်လောက်ပဲ ချစ်ခြင်းစိတ်ဓာတ်ကြံ့ခိုင်စေရန် ကြိုးစားပါစေ ရင်တွေ လေးနေလေသည် ။

“တွယ်တာ ရက်လည်ပြီးတာနဲ့ ချစ်ခြင်းလေး မာမီချိုတို့ တိုက်မှာ လိုက်နေရမယ်၊ မာမီတို့ ငွေကြေးရှင်းလင်းစရာတွေလည်း ရှိတယ်လေ”

“ဟုတ်ကဲ့….”

“ချစ်ခြင်းလေး အားမငယ်ပါနဲ့ ကွယ်၊ အန်ကယ်ကျော်နီက ချစ်ခြင်းလေးဘဝ ပျော်ရွှင်အောင် စောင့်ရှောက်ပေးသွားမှာ ပါ”

ချစ်ခြင်း ခေါင်းလေးကို သူ့လက်တွေနှင့်ခပ်ဖွဖွပွတ်သပ် ချော့မြူနေသလို အပြုအမူအတွက် ချစ်ခြင်းမနှစ်သက်ခဲ့တာ တားဆီးနိုင်ခြင်းလည်း မရှိခဲ့။ မာမီချိုတို့ လင်မယားကဘယ်လို အလုပ်တွေလုပ်နေကြတာလဲ… ချစ်ခြင်းမသိ။

“ညည်းလေးအမေအတွက် ဆေးဝါးကုသဖို့ ငွေလိုအပ်တယ်ဆိုရင် မာမီချိုထုတ်ချေးနိုင်ပါ တယ်၊ ချစ်ခြင်းပြိုင် ဘယ်လိုနည်းနဲ့ ပေးဆပ်နိုင်

မလဲ… ညည်းလေးအမေဆုံးသွားရင် မာမီလက်အောက်မှာ အလုပ်လုပ်ပေးရမယ်… ဘယ်လိုလဲ ချစ်ခြင်းပြိုင်…”

“ကျွန်မ ဘာအလုပ်လုပ်ပေးရမှာ လဲဟင်…”

“ဘာအလုပ်ပဲ ဖြစ်ဖြစ်ပေါ့အေ… ဘယ်လိုလဲ”

ချစ်ခြင်း မေမေ့အတွက် နောက်ဆုံး အချိန်တွေမှာ အကောင်းဆုံး ဖြစ်စေချင်ပါတယ်။ ဟုတ်တယ်လေ… မေမေ့အတွက်ပဲ ချစ်ခြင်း ကျေးဇူးဆပ်ခွင့်ရှိတုန်း ကျေးဇူးဆပ်ပါရစေ။

“ချစ်ခြင်းလေး… နည်းနည်းလေး ချောင်ကျသွားသလိုပဲ၊ မေမေ့အတွက် ကလေးကတာဝန်ကျေခဲ့တာပဲ၊ မင်း ပြုစုစောင့်ရှောက်ခဲ့တယ် မဟုတ်လားကွယ်”

ချစ်ခြင်း အမုန်းဆုံးက မာမီချို့ယောကျ်ား ဦးဂျော်နီကိုပဲ။ ကလေးဟု ချွဲချွဲပြစ်ပြစ်ခေါ်ပြီး ပွတ်သီးပွတ်သပ် ထိကပါးရိကပါးနဲ့ လေ။ ဦးဂျော်နီ အကြည့်တွေက တပ်မက်လွန်းတဲ့ အရိပ်တွေပြည့်နှက်နေလေသည် ။ ချစ်ခြင်းသိပါတယ်။ ဒါပေမဲ့လည်း ချစ်ခြင်းမှာ ငြင်းဆန်တွန်းလှန်နိုင်တဲ့ အခွင့်အရေးမရှိပေ။

ဘာကြောင့်လဲဆိုတော့ သူတို့ ပိုက်ဆံတွေ ချစ်ခြင်းလက်ခံယူခဲ့၍ ဖြစ်၏။ မေမေ့ကိုရက်လည်ဆွမ်းကျွေးပြီးတဲ့ နောက်နေ့မှာ ပဲ မေမေနှင့်ချစ်ခြင်းတို့ အတူတူငှားရမ်းနေထိုင်ခဲ့တဲ့ အိမ်လေးဆီကနေ အပြီးအပိုင်ပြောင်းရွှေ့လာခဲ့ရသည် ။

“တွယ်တာ တစ်လပြည့်ဆွမ်းကိုတော့ မာမီတို့ တိုက်မှာ ပဲ အလှူလုပ်မယ်… ချစ်ခြင်း ဘာပဲဖြစ်ဖြစ် တွယ်တာကံကောင်းပါတယ်၊ ဆေးဝါးတွေကုသခွင့်ရပြီး သက်သောင့်သက်သာ ရှိခဲ့တယ်လေ”

အဲဒါလည်း ဟုတ်တာပါပဲလေ။ မေမေ့အတွက် ချစ်ခြင်းတာဝန်ကျေချင်ခဲ့တာပဲမဟုတ်လား။ ရင်ဆိုင်မယ်။ ချစ်ခြင်းအတွင် မာမီချိုတို့ ရဲ့မွေးစားခြင်းခံယူဖို့ ပဲရှိလေသည် ။

“ချစ်ခြင်းလေး အရမ်းပင်ပန်းနေတယ်ကွယ်... အနားယူလိုက်ဦး... ဘာမှ စိတ်ပူပင်စရာ မရှိတော့ဘူး... ချိုရေ ကလေးကို ဒေါက်တာဝဏ္ဏနဲ့ ပြကြည့်ရင် ကောင်းမလား... ဖြူဖတ်ဖြူရော်နဲ့ အားနည်းနေတယ်...”

“ရပါတယ် အန်ကယ်ကျော်နီ၊ ချစ်ခြင်း ဘာမှ မဖြစ်ပါဘူး၊ ဆေးသောက်ပြီး အိပ်လိုက်ပါ့မယ်၊ စိတ်ပင်ပန်းတာတွေများ နေလို့ ပါနော်”

“ကလေးရယ် အားမငယ်ပါနဲ့ ၊ ကလေးကအရမ်းချစ်ဖို့ ကောင်းတယ်”

သူမ နဖူးပြင်လေးပေါ်မှ ဆံပင်တွေကို တယုတယ သပ်တင်ပေးနေတဲ့ အန်ကယ်ကျော်နီ့ ရင်ခွင်ထဲသို ဆွဲယူပွေ့ဖက်ခြင်းခံရတော့မည့်အလား... ချစ်ခြင်း တွန်းဖယ်ပြေးထွက်ချင်သည် အသားတွေပင် တဆတ်ဆတ်တုန်ချင်နေပြီး မာမီချိုက မသိချင်ယောင်ဆောင်နေသလိုပင်။ ဒူးတွေခွေညွှတ်ကျချင်သွားကာ မျက်နှာလေးသွေးဆုတ်ဖြူရော်သွားသဖြင့် အန်ကယ်ကျော်နီ သူမခေါင်းလေးကို ပုတ်၍ ထွက်သွားမှ ချစ်ခြင်း စိတ်သက်သာရာ ရသွားလေသည် ။

“ကလေးရယ် ဘာတွေကြောက်နေတာလဲကွာ... ပျော်ပျော်နေပါ ကလေးကိုပျော်စေချင်လို့ ”

ချစ်ခြင်းဘဝအစက ဘယ်လိုမှ အနာဂတ်ဖြောင့်ဖြူးသာယာခြင်းမရှိနိုင်တော့။ ဦးကျော်နီရဲ့ လှမ်းလာတဲ့ ခြေလှမ်းတွေက သူမရဲ့ အနာဂတ်အား ဖျက်ဆီးနစ်မွန်းစေမည့် ယုတ်မာကောက်ကျစ်မှု တွေသာ ဖြစ်နေသည် ။

*

## အခန်း(၂)

“ညည်းလေးအန်ကယ်ဂျော်နီက အရေးကြီးတယ်နော်... ချစ်ခြင်း၊ သူ့ကို ကလန်ကဆန်မလုပ်နဲ့ သူ့ကိုအသေကပ်ထားရမယ်”

“ရှင်”

မာမီချို့စကားတွေကို ချစ်ခြင်းနားမလည်နိုင်စွာဖြင့် မိန်းမတစ်ယောက်ရဲ့ သဘောထားကြီးမှု တွေက ဒီလောက်အထိတောင်လားဟု ချစ်ခြင်းတွေးတောမိသည် ။ အန်ကယ်ဂျော်နီရဲ့ ဆန္ဒတွေကို လိုက်လျောပေးရမယ်ဆိုတော့ ချစ်ခြင်းမျက်ဝန်းတွေထဲမှာ တုန်လှုပ်ချောက်ချားသွားရ၏။ ဘယ်လိုလုပ်ရတော့မလဲ၊ မာမီချိုက ရယ်မောနေသည် ။

“ချစ်ခြင်းက လူ့လောကကြီးအကြောင်းကို သိပ်မသိသေးဘူးထင်တယ်... မာမီချိုက ယောက်ျားကိုကြောက်ရတယ်”

“ရှင်”

“ညည်းလေးအန်ကယ်ဂျော်နီက ငွေရှာကောင်းတယ်... အဆက်အသွယ်လည်း များ တယ်၊ ညည်းလေးအမေအတွက် ဆေးကုသစရိတ်တွေကို သူ့ခွင့်ပြုချက်နဲ့ ထုတ်ပေးရတာလေ၊ အကြွေးတွေက သိန်းနှစ်ဆယ်လောက် ရှိမယ်ထင်တယ် ချစ်ခြင်း”

ဟုတ်ပါတယ်။ ချစ်ခြင်းလက်မှတ်ထိုးရတာ သိန်းနှစ်ဆယ်ပါ။ ဘု

ရားရေ ချစ်ခြင်းဘယ်လိုများ ပေးဆပ်ရမလဲ။ အလုပ်ရှာဖို့ ချစ်ခြင်းစဉ်းစားနေရသည် ။

"ချစ်ခြင်းအလုပ်လုပ်ပြီးတော့ပဲ ပြန်ဆပ်ပါရစေ မာမီချိုရယ်၊ အန်ကယ့်ကိုပြောပေးပါနော်..."

"ညည်းလေး အလုပ်ရတော့ရော လခကဘယ်လောက်ရမှာ လဲ... ညည်းသဘောတူထားတာက မာမီချိုခိုင်းတဲ့ အလုပ်တွေ လုပ်ပေ့ါမယ်ဆို"

"ဘာအလုပ်တွေလဲဟင်..."

ချစ်ခြင်းကြောက်လိုက်တာ အန်ကယ်ဂျော်နီ ဘာတွေလုပ်တာလဲ မသိ။ ဖုန်းနှင့် ဆက်သွယ်ပြောဆိုနေတာတွေပဲတွေ့ရသည် ။ ချစ်ခြင်းသဘောတူထားခဲ့ပြီဆိုပေမယ့် တကယ်တမ်း ရင်ဆိုင်ရမှာ ကိုတော့ ချစ်ခြင်းကြောက်ရွံ့ထိတ်လန့်နေသည် ။

"ပိုက်ဆံတွေအများကြီး ရသွားတဲ့ အလုပ်တွေပါ"

"ရှင်"

"မင်းလေး အနားယူလိုက်ပါဦး ချစ်ခြင်းလေးရယ်... မေမေ့ကိုပြုစုရလို့ ပိန်သွားတယ်... အရမ်းလှတဲ့ ချစ်ခြင်းလေး အနားတွေတဝကြီး ယူပစ်လိုက်စမ်းပါ"

မာမီချို့ မျက်ဝန်းတွေကို ချစ်ခြင်း မနှစ်သက်သလိုပဲ နှုတ်ခမ်းတွေက ချိုအီညင်သာမှုတွေ ပျော်ဝင်စီးဆင်းနေပေမယ့် ချစ်ခြင်းကြောက်တယ်၊ စကားလုံးတွေတိုင်းမှာ တစ်စုံတစ်ခုအတွက် မြူဆွယ်ဖြားယောင်း အမိန့်ပေးနေခဲ့သည် ။

"ညည်းလေးက အရမ်းလှတယ်၊ တကယ်ပါကွယ်... ညို့ယူဖမ်းစားနိုင်တဲ့ စွမ်းအားတွေလည်း အပြည့်ပဲ၊ နှာတံလေးပေါ်ပေါ် နှုတ်ခမ်းဖူးဖူး

လေး မျက်ဝန်းကျယ်ကျယ် နက်နက်လေး ကိုယ်လုံးတောင့်တောင့်လေး အားလုံးစွဲမက်စရာကောင်းတယ်”

ချစ်ခြင်း ဆက်မကြားချင်တော့သဖြင့် သူမအိပ်ခန်းလေးထဲ ဝင်လာခဲ့သည် ။ ဒီလောက်ဆိုရင် တော့ ချစ်ခြင်းအခြေအနေအားလုံးကို သဘောပေါက်လာတဲ့ အပြင်… သူမ စိတ်တွေက မလုံမခြုံ ဖြစ်လာရ၏။ လွတ်မြောက်ရာလမ်းစ ဘယ်လိုရှာရပါ့မလဲ။ ဘုရားရေ… ချစ်ခြင်း ပြေးလို့ လွတ်နိုင်မည်မဟုတ်တော့ပေ။ ပေးဆပ်ရမှာ ပဲ ချစ်ခြင်းကြောက်လိုက်တာ မေမေရယ်… ဒါပေမဲ့လည်း ချစ်ခြင်းပေးဆပ်ရတော့မယ်… ကြောက်နေလို့ ရော ပြောင်းလဲသွားနိုင်တဲ့ အရာ မရှိနိုင်ပါဘူးလေ…။

“ချစ်ခြင်းကြောက်တာက အန်ကယ်ကျော်နီပဲ မေမေ… ရမ္မက်ခိုးတွေ ဝေနေတဲ့ သူ့မျက်လုံးတွေ ချစ်ခြင်းကို သူ့အသက်အရွယ်ကိုမှ မထောက်ညှာတုတုနဲ့ ကြည့်နေတတ်တယ်”

မာမီချိုက ညည်းလေးအန်ကယ်ကျော်နီကို မလွန်ဆန်ပါနဲ့ တဲ့ အရာအားလုံးက သူ့သဘောအတိုင်းပါပဲတဲ့ လေ… အဓိပ္ပာယ်တွေက ထင်ထင်ပေါ်ပေါ်ကြီး ဖြစ်နေသည် ။

“မေမေ့ကို ပြုစုစောင့်ရှောက်ခွင့်ရခဲ့တဲ့ အတွက် ချစ်ခြင်း ကျေနပ်ပါတယ်လေ… ချစ်ခြင်း ရှောင်လွှဲလို့ မရနိုင်တော့ဘူး… မဟုတ်လား”

ချစ်ခြင်းကို အဆီတဝင်းဝင်း ပြည့်ဖြိုးတောင့်တင်းနေစေရန် မာမီချိုသဘောကောင်းစွာ အနားယူခိုင်းခဲ့ခြင်းဆိုတာလည်း ချစ်ခြင်း သဘောပေါက်ထားသည် ။ ပိုက်ဆံတွေ လက်ခံရယူစဉ် ကတည်းကပဲ ချစ်ခြင်း သိသင့်သလောက် သိထားခဲ့၏။ ရင်ထဲမှာ တဆတ်ဆတ်တုန်ရီ လှိုက်ခါနေပေမယ့် အမှောင်မိုက်ဆုံး အနက်ရောင် ကန့်လန့်ကာကြီး အဖွင့်မှာ ချစ်ခြင်းပြိုင်ဆိုတဲ့ မင်းသမီးလေး ကပြအသုံးတော်ခံပေးမည် ဖြစ်လေ

သည် ။

"ချစ်ခြင်း အရမ်းကြောက်တယ်၊ ငရဲကြီးရှစ်ထပ်က အနက်ရှိုင်းဆုံး အဝီစိငရဲကိုကျမှာ လားဟင်... မေမေ့ကို ချစ်တယ်၊ အကောင်းဆုံးတွေပဲ လုပ်ပေးခဲ့ရလို့ ချစ်ခြင်းပျော်ပါတယ်"

သူမ မေမေ့အကြောင်းတွေ ပြန်ပြီးစဉ်းစားမိတော့ နှုတ်ခမ်းလေး တွေက ပြုံးယောင်လေးတွေ သမ်းသွားသည် ။ မေမေ့အကြောင်းတွေ တွေးနေမိရင်း ချစ်ခြင်းအိပ်ပျော်သွား၏။ သူမ ခန္ဓာကိုယ်လေးအား တစ်စုံတစ်ယောက်က ပွေ့ဖက်ပွတ်သပ်မှု အတွေ့အထိကြောင့် အအိပ်ဆတ်သော ချစ်ခြင်း လန့်နိုးသွားကာ မျက်နှာတစ်ခု သူမမျက်နှာပေါ် ပိကျလာသဖြင့် အထိတ်တလန့် တွန်းဖယ် ရုန်းကန်ပစ်မိသည် ။

"ဘယ်သူလဲ... ဘာလုပ်တာလဲ ဖယ်ပါ"

သူမ ရုန်းဖယ်လေ သူကတိုးဖက်လေ ကြမ်းလေဖြစ်နေကာ ချစ်ခြင်း ခေါင်းထဲသို့ အသိတစ်ခုက တိုးဝင်လာသည် ။ ဒါက အန်ကယ်ကျော်နီပဲ လူယုတ်မာကြီး... ငြိမ်ငြိမ်သက်သက်လေး နေစမ်းပါကလေးရယ် ... ဘာဖြစ်လို့ ရုန်းဖယ်နေရတာလဲဟု တိုးတိုးလျှလျှ ညည်းညည်းညူညူ အသံကိုကြားလိုက်ရပေမယ့် ချစ်ခြင်း တကယ်ရွံ့ရှာ မုန်းတီးစွာဖြင့် အော်ဟစ်ရုန်းကန်ဖယ်ရင်း မီးကိုဖွင့်ပစ်လိုက်သည် ။

"ချစ်ခြင်းပြိုင် မင်းဘာအချိုးချိုးတာလဲ ... မင်းတမင် မီးကို ဖွင့်ပစ်လိုက်တာမဟုတ်လား"

"ဟင်"

အဆီတွေပျံနေတဲ့ မျက်နှာကြီးတွင် ရမ္မက်ခိုးတွေတလျှံလျှံတညီးညီး တောက်လောင်နေတဲ့ မျက်ဝန်းတွေနှင့် ချစ်ခြင်းကို ဒေါသတကြီးပြော

ဆိုနေသည် ။ ဟုတ်တယ် … တမင်တွန်းပစ်တာပဲ။ ကျွန်မကို အကြွေး ဆပ်ခိုင်းတာ ဒီလိုနည်းမျိုးနဲ့ လား။ အသားလေးတွေ တဆတ်ဆတ်တုန် ရီအောင် ကြောက်နေသည့်ကြားမှ ချစ်ခြင်း ဘယ်လိုနည်းနဲ့ ဖြစ်စေ ငြင်း ဆန်ပစ်ဖို့ ပဲ ဆုံးဖြတ်သည် ။

"ကလေး … နားလည်စမ်းပါ၊ အန်ကယ်ဂျော်နီက မင်းလေးကိုချစ် လို့ ၊ မင်းအမေကို ဆေးကုသစရိတ်တွေ ထုတ်ပေးတာပါ၊ မင်းဒီအကြွေး ကို ဘယ်လိုနည်းနဲ့ ပဲ ဖြစ်ဖြစ် ဆပ်ပ့ါမယ်ဆို … မမိုက်ချင်စမ်းပါနဲ့ ချစ်ခြင်းလေးရယ်၊ ကိုယ့်ရင်ခွင်ထဲမှာ ငြိမ်ငြိမ်သက်သက်လေး …"

"ဟင့်အင်း … ကျွန်မ လုံးဝမလုပ်နိုင်ဘူး၊ အကြွေးတွေကို ကျွန်မယူခဲ့ တာ မှန်ပေမယ့် တခြားနည်းလမ်းတွေနဲ့ ပဲ ဆပ်ပါရစေ၊ တောင်းပန်ပါ တယ် အန်ကယ်ဂျော်နီရယ် … ခွင့်ပြုပေးပါနော်"

"မရဘူး ချစ်ခြင်း … မင်းကိုချစ်မိသွားလို့ ၊ ကိုယ်ကထောက်ပံ့လိုက် တာပါ … မင်းလေး တခြားအလုပ်တွေ ပင်ပင်ပန်းပန်းလုပ်ကိုင်ရှာဖွေပြီး ပေးစရာမလိုတာ … အန်ကယ်ဂျော်နီ ဆီမှာ ပဲ လုပ်ပါ၊ နောက်ဆို မင်းလေးကို ရွှေဘုံပေါ်မှာ ခံစားရမယ် … ကိုယ်တာဝန်ယူပါတယ် … လိမ္မာစမ်းပါ ကလေးရယ်လာပါ …"

"ကျွန်မ လုံးဝလက်မခံနိုင်ပါဘူး … ဟင့်အင်း … မဖြစ်နိုင်ပါဘူး … ကျွန်မကြောက်တယ် လက်မခံနိုင်ဘူး၊ ဘယ်လောက်ပင်ပန်းတဲ့ အလုပ် တွေ ဖြစ်ပါစေ ကျွန်မ အလုပ်လုပ်ပြီးဆပ်ပ့ါမယ် တောင်းပန်ပါတယ် အ န်ကယ်ဂျော်နီရယ် …"

ဦးဂျော်နီ ဘာအလုပ်လုပ်တာလည်း ဆိုတာ ချစ်ခြင်း ရိပ်မိနေလေသ ည် ။ ရွံစရာကောင်းတယ် … နီမြန်းထူအမ်းနေတဲ့ မျက်နှာကြီးက ဒေါသ တွေပေါက်ကွဲမတတ် သူမအနားသို့တိုးကပ်လာရာ သူမ ခန္ဓာကိုယ်လေး

က နောက်ဆုတ်ရင်း နံရံမှာ ထိကပ်သွား၏။ ဒီလိုပုံစံမျိုးနဲ့ တော့ ချစ်ခြင်းဘဝကို အနစ်မွန်းမခံနိုင်ပါဘူး။ ချစ်ခြင်း ဘာလုပ်ရင်ကောင်းမလဲ ... အန်ကယ်ကျော်နီလက်တွေက ချစ်ခြင်းပခုံးနှစ်ဘက်အား ဆတ်ခနဲ တင်းတင်းကြပ်ကြပ် ဆုပ်ကိုင်မိသွားလေသည် ။

"ချစ်ခြင်းပြိုင် မင်းလွတ်မယ်ထင်လား ... မင်းကိုအကြမ်းမဖက်ချင်ပါဘူး ... အရမ်းနူးညံ့ပြီး ချစ်စရာကောင်းတယ်ကွာ၊ မင်းလက်ခံတာ လက်မခံတာ ငါစိတ်မဝင်စားတော့ဘူး မင်းလေးကို အပိုင်သိမ်းပိုက်ရမှာ ပဲ ”

"ရှင် ... ရှင် ... ကျွန်မအော်လိုက်မှာ နော်၊ ထွက်သွားပါ မယုတ်မာပါနဲ့ ... ကျွန်မအကြွေးကို ဆပ်ပါ့မယ်၊ ထွက်သွားပါ"

"မင်းအော်လေ ... ကြိုက်သလောက်အော်ပါ မင်းကိုကူညီမယ့်သူရှိမယ်ထင်နေလား ... ချိုက ငါ့ဆန္ဒပဲ၊ မင်းလေးနဲ့ ညသွားအိပ်မယ်လို့ ပြောထားပြီးသား"

"ဟင် ... ရှင် ... ရှင်ကြီး ကျွန်မဆီကို မလာနဲ့ နော်၊ ကျွန်မ ကိုယ့်ကိုယ်ကိုယ် သတ်သေပစ်လိုက်မှာ ၊ အသေခံမယ် ... ရှင်ကြီးဖျက်ဆီးတာတော့ မခံဘူး"

"ငါနဲ့ ဒီတစ်ညလေးထဲပါ၊ အရာအားလုံး ပြည့်စုံသွားစေရမယ်၊ မမိုက်မဲချင်စမ်းပါနဲ့ ချစ်ခြင်းပြိုင်၊ အန်ကယ် အကြမ်းမဖက်ချင်ဘူးနော်"

သူမ ပခုံးနှစ်ဖက်ကို ဆွဲယူပြီး သူ့ရင်ခွင်ထဲသို့ခပ်ကြမ်းကြမ်းဖိကပ်ထားသည် ။ ချစ်ခြင်း ရုန်းဖယ်ပစ်ပေမယ့် အင်အားခြင်းမမျှ စားနေကျကြောင်ဖားကြီးပဲ ... သူမ အိပ်ရာကြီးပေါ် ပစ်လဲကျသွားတော့၏။ အနမ်းတွေ တရစပ်ကျလာပေမယ့် သူမမျက်နှာလေးကို ဘယ်ညာရမ်းခါပစ်နေရင်း လွတ်မြောက်ရာမရှိခဲ့။ မေမေရေ ချစ်ခြင်းကို

ကယ်ပါဦး .... အန်ကယ်ကျော်နီက အကြွေးတွေပြန်ယူနေပြီ ချစ်ခြင်းအော်လည်း ဘာထူးမှာ လဲ ... ကယ်မယ့်သူမှ မရှိတာပဲ၊ ကြောက်တယ် မီးတွေကိုပိတ်ပစ်သည် ။

"အား ... လူယုတ်မာကြီး လူယုတ်မာကြီးဖယ်ပါ၊ ရှင်ကြီးကို အနိုင်ကျင့်မှုနဲ့ သက်ဆိုင်ရာကိုတိုင်မယ်၊ ရှင်ကြီးကို ထောင်ထဲပို့ပစ်မယ် ... ဖယ်ပါ အား ..."

ချစ်ခြင်း ခန္ဓာကိုယ်လေး ချွေးစေးတွေရွှဲနစ်သွားသည် ။ ရုန်းကန်ရင်း အားကုန်ခမ်း လာပြီး ခန္ဓာကိုယ်တစ်ခုလုံး မလှုပ်ရှားနိုင်တော့ ... အန်ကယ်ကျော်နီရဲ့ ယုတ်မာကောက်ကျစ်စွာ သူမခန္ဓာကိုယ် အသွေးအသားတွေကို ဝါးမျိုပစ်ဖို့ ကြံစည်ကြိုးစားနေတာကို တားဆီးဖယ်ရှားပစ်နိုင်ခြင်း မရှိတော့ဘူးထင်တယ်၊ ဟုတ်တယ် ချစ်ခြင်းကို ကာကွယ်စောင့်ရှောက် ကယ်တင်မယ့်သူတစ်ယောက်တလေမှ မရှိတော့ လွန့်လွန့်လူးလိမ့်နေတဲ့ သူမ ကိုယ်ခန္ဓာလေးပေါ်မှာ အသားစားသရဲဘီလူးကြီးဦးကျော်နီ ခန္ဓာကိုယ်က အုပ်မိုးထားသည် ။

"မေမေ ချစ်ခြင်းကိုကယ်ပါဦး၊ ဒီလိုဘဝမျိုးနဲ့ ချစ်ခြင်းဘဝကို အဆုံးမသတ်နိုင်ဘူး ... မေမေလည်း မဖြစ်စေချင်ဘူးမဟုတ်လား"

ချစ်ခြင်း ဘာမှ မစဉ်းစားမနေတော့ပဲ အိပ်ရာဘေးနားမှာ ရှိနေတဲ့ စားပွဲပေါ်မှ ပန်းအိုးလေး အား ယူလိုက်ပြီး ဦးကျော်နီရဲ့ ခေါင်းကို ရိုက်ပစ် လိုက်လေသည် ။

"ခွပ်"

"အား"

"ခွပ် ... ခွပ်"

"အား ... မင်း ... မင်း ... အား"

သူမ ကိုယ်ပေါ်မှာ အုပ်မိုးနေတဲ့ ခန္ဓာကိုယ် ကိုယ်ကြီးအား ဆောင့်တွန်းပစ်လိုက်ပြီး အိပ်ရာပေါ်မှ ခုန်ဆင်းပစ်လိုက်သည် ။

"အား ... ကျွတ် ... ကျွတ်"

ဦးကျော်နီခေါင်းမှ သွေးတွေမြင်မကောင်းအောင် စီးကျလာကာ သူဝတ်ထားတဲ့ အဖြူရောင်စပို့ရှပ်ပေါ်မှာ စွန်းထင်ကာ အနီရောင် စပို့ရှပ်ဖြစ်သွားလေသည် ။ ကုန်းထဖို့ ကြိုးစားရင်း ပစ်လဲကျသွားတော့၏။ ခဏလောက်လူးလွန့်ကာ ငြိမ်သက်သွားသည် ။

"မိန်းကလေးတစ်ယောက်ရဲ့ ဘဝကိုအလွယ်တကူ ဖျက်ဆီးပစ်ချင်တဲ့ လူယုတ်မာကြီး သေတာပဲကောင်းတယ်"

နာကြည်းမုန်းတီးမှုတွေ ပြည့်နှက်ကာ ဒေါသတွေပေါက်လုမျက်ဝန်းတွေနှင့် စူးခနဲစိုက်ကြည့်၍ သူမ အခန်းထဲမှ ပြေးထွက်လာခဲ့သည် ။

"ချစ်ခြင်း"

"ဟင်"

"သူသေသွားပြီလား"

"ရှင် ... ဟို ... ဟို ... မာမီချို ... လူ ... လူယုတ်မာကြီး ကျွန်မဘယ်နည်းနဲ့ မှ လက်မခံနိုင်လို့ ပါ"

"ထားလိုက်ပါ"

"ရှင်"

" လာလေ"

မာမီချို သူမလက်ကလေးကို ဆွဲကာ မဟူရာရောင် လက်လက်ထနေသည့် ကျွန်းလှေကားကြီးတွေ၏ လှေကားထစ်တွေကိုကျော်နင်းကာ ခြံထဲအထိ ခေါ်ဆောင်လာခဲ့သည် ။

“ချစ်ခြင်း ညည်းလေးအဖြစ်တွေ ရင်နာဖို့ ကောင်းလိုက်တာအေ၊ ဖြစ်မှ ဖြစ်ရလေ … မာမီချို စိတ်မကောင်းပါဘူးကွယ်၊ တကယ်တော့ ညည်းလေးအမေက မာမီချိုကို ယုံကြည်ပြီး အပ်ထားခဲ့တယ် သူ့သမီးလေး ချစ်ခြင်းကို လူ့လောကကြီးအလယ်မှာ တင့်တင့်တယ်တယ် ရပ်တည်နိုင်အောင် စောင့်ရှောက်ပေးပါတဲ့ ၊ ချို့ကိုပဲ ယုံတယ်တဲ့ ၊ စိတ်ချတယ်တဲ့ ”

မာမီချို့လက်တွေက သူမလက်လေးအား တင်းတင်းဖျစ်ညှစ်ထားပြီး ကြေကွဲဆို့နင့်နေသည် ။

“မာမီချို့ကို ခွင့်လွှတ်ပါကွယ် … ကိုကျော်နီ ထားရာနေ စေရာသွားရမယ့် ဘဝပါ၊ ညည်းလေးကို စောင့်ရှောက်သင့်ပါတယ်၊ ကောင်းတယ် … ဒီလိုလူမျိုး သေမှ အေးမယ်”

“ဟို … ဟို … ဘယ်လိုလုပ်ရမလဲ မာမီချို၊ ချစ်ခြင်း ကြောက်တယ်၊ အရမ်းကြောက်တာပဲ ဦးကျော်နီ သေပြီထင်တယ်”

“မေ့ပစ်လိုက်တော့ ကျန်တဲ့ ကိစ္စ မာမီချိုစီစဉ်မယ်၊ ဒီကနေ လွတ်ရာပြေးတော့၊ ဘဝကို သတ္တိရှိရှိ ရင်ဆိုင်ပါ ချစ်ခြင်းလေးရယ်၊ ရော့ … ပိုက်ဆံယူသွား … ဒီကနေ အဝေးဆုံးကိုရောက်အောင် သွားပြီး ညည်းလေး ဘဝကို ရပ်တည်နိုင်အောင်ကြိုးစားပါ၊ မာမီချိုတော့ ဒီမှာ စီစဉ်ရမယ် … သူ့တပည့်တွေ နိုးမလာခင်ထွက်တော့ ဘဝကို ရပ်တည်နိုင်အောင် ကြိုးစားပါ၊ မာမီချို ဒီလောက်ပဲကူညီနိုင်မယ် … မိုးလင်းတော့မယ် မကြောက်နဲ့ သွား …”

မာမီချိုက ခြံတံခါးကြီးကို ဖွင့်ပေးလိုက်ပြီး ပိုက်ဆံအိတ်တစ်လုံး

အား ချစ်ခြင်းလက်ထဲသို့ ထည့်ပေးလိုက်ရင်း တွန်းထုတ်လိုက်သည် ။ ပြီးတော့ တံခါးကြီးကိုပြန်ပိတ်လိုက်၏။ ကြောက်စိတ် တွေနှင့် ချစ်ခြင်း ရပ်တည်နိုင်စွမ်း မရှိအောင် ဒူးတွေက တဆတ်ဆတ် တုန်ရီနေပြီး ဘယ်ကိုသွားရမှန်းလည်း မသိ။ မာမီချို့ရဲ့ ဒီကနေ အဝေးဆုံးကိုသွားပါဆိုတဲ့ အသံကြီးပြန်ကြားယောင်မိမှ ခြေဦးတည့်ရာသို့ ထွက်ပြေးလာခဲ့မိလေသည် ။

*

## အခန်း (၃)

"ကျွီ"

"အား ..."

"ကျွီ ... ကျွီ"

တစ်စုံတစ်ယောက်အား ဝင်တိုက်မိလိုက်ပြီဟု အသိဝင် လာပြီး ကားကိုဘရိတ်နင်းလိုက် သဖြင့် ကတ္တရာလမ်းနှင့် ကားဘီးပွတ်ဆွဲသံ ကျယ်ကျယ်လောင်လောင် ကြားမှ အားဟု အော်လိုက်တဲ့ အသံလေး ရောထွေးသွားသည် ။ သူ့ကားက ရပ်သွားသဖြင့် ကားတံခါးကိုဖွင့်၍ အောက်သို့ဆင်းလိုက်၏။ သူနည်းနည်းလေး အိပ်ငိုက်သွားသည် ။ တစ်ညလုံး ကားမောင်းပြီး အရေးတကြီးနှင့် ပြန်လာခဲ့တာပါ။ ကားမီးရောင်အောက်မှာ ကောင်မလေးတစ်ယောက် ခွေခနဲကျနေတာတွေ့ရပြီး အနားရောက်သွားရကာ သေသေချာချာ ကြည့်လိုက်တော့ နားထင်မှာ သွေးစလေးတွေ စီးကျရင်း သတိလစ်နေသည် ။

"ဒဏ်ရာတော့ သိပ်မများ ပါဘူး၊ သတိလစ်နေတာပဲ ဒီအချိန်ကြီး ကောင်မလေးက တစ်ယောက်တည်း အပြင်ဘာထွက်လုပ်တာလဲကွာ ... ကေန္တတော့ အပျက်မလေးထင်တယ်"

ကောင်မလေးနှင့် အနီးအနားမှာ ပိုက်ဆံအိတ်လေးတစ်လုံးကိုတွေ့ရ၍ ကောက်ယူပြီး ကောင်မလေးကိုလည်း ပွေ့ချီကာ သူ့ကားပေါ်တင်

လိုက်သည်။

"တကယ်ပဲကွာ ... ရှုပ်လိုက်တာ၊ အရေးကြီးပါတယ်ဆိုမှ ပိုက်ဆံတွေ အများကြီးပဲ ဘယ်ကနေ အကြံအဖန် ခွင်တည့်လာလည်း မသိပါဘူး"

သူ စိတ်ပျက်လက်ပျက်နှင့် ပစ်ထားခဲ့ပြီး မောင်းထွက်သွားဖို့ ကလည်း သူတာဝန်မမဲ့ချင်။ တကယ်တော့ သူအိပ်ငိုက်သွားခဲ့တာပါ။ အိမ်ပဲခေါ်သွားပြီး ဆေးကုပေးရမှာ ပဲ ကောင်မလေးကို တင်၍ အိမ်ပဲမောင်းလာခဲ့သည်။

"တီ ... တီ"

"အရေးထဲကွာ ... ခြံစောင့် အိပ်ပျော်နေပြီထင်တယ်၊ ဦးလေးကြာညို အရက်တွေ အလွန်အကျွံသောက်ပြန်ပြီ ထင်တယ်"

"တီ ... တီ"

"တီ ..."

ဟွန်းသံတွေ ဆူညံသွားမှ ခြံစောင့်ဦးလေးကြီးနိုး လာပြီး တံခါးဖွင့်ပေးသည်။

"ဦးလေးကြာညို ... ညကရေချိန်လွန်သွားပြီ ထင်တယ်၊ အိပ်ပျော်နေတာလားဗျာ"

"မောင်ကံသာရယ် ... တစ်ယောက်တည်း ပျင်းလို့ ပါကွာ ညကတော့ နည်းနည်းများ သွားတယ်၊ မင်းပြန်လာမယ် မထင်ဘူး ဖုန်းလည်းကြိုမဆက်ထားဘူး"

"ကံသာ အရေးတကြီးကိစ္စရှိနေလို့ ပါ၊ လက်ထောက် ဝဏ္ဏက ဖုန်း

ဆက်တယ်၊ နိုင်ငံခြားက ဧည့်သည် တွေ လာမယ်ဆိုလို့ ပါ အရေးထဲဗျာ …”

“ကား … နောက်ခန်းက အရှုပ်ထုပ်ကို အထဲယူလာပေးပါ”

“ဟုတ်ကဲ့ …”

ဦးကြာညို ပြာပြာသလဲနှင့် ကားနောက်ခန်းတံခါးကို ဖွင့်လိုက်တော့ မိန်းကလေးတစ်ယောက် ခွေခွေလေးလဲနေပြီး ခေါင်းမှာ လည်း သွေးတွေနှင့် အလန့်တကြားအော်ပြီး တံခါးကိုပြန်ပိတ်လိုက်သည် ။

“အမလေး …ဘာကြီးလဲ၊ ကံသာ … မင်း … မင်း ဒီကောင်မလေး … သေ … သေ”

“မသေပါဘူး … သတိလစ်နေတာပါ၊ ကျွန်တော့်ကားနဲ့ တိုက်မိခဲ့လို့ ”

“ဟင်”

“သယ်ခဲ့ပါ မကြောက်ပါနဲ့ ၊ ဒဏ်ရာမများ ပါဘူး”

ကံသာ ကောင်မလေးအနားမှ အိတ်ကိုကောက်ယူလိုက်ပြီး တိုက်ကြီးထဲ ဝင်လာခဲ့သည် ။ ကောင်မလေးက ဘယ်ကလဲ၊ ပိုက်ဆံအိတ်ထဲမှာ က ပိုက်ဆံတွေတော်တော်များ ၏။ အကြံအဖန် ကောင်မလေးလား … အချဉ်ငနဲဆီက ငွေတွေလစ်ပြီး ထွက်လာရင်း သူ့ကားနှင့် တိုက်မိတာလည်း ဖြစ်နိုင်သည် ။

“ကံသာရေ … လာကြည့်ပါဦးကွ၊ ကောင်မလေးက အရမ်းလှတယ်၊ နှာတံလေးစင်းစင်း နှုတ်ခမ်းလေးက နှင်းဆီဖူးငုံလေးလိုပဲ အသားအရည်ကလည်း ဖြူဝင်းအိနေတာပဲကွာ”

"သူ့ကို အမြန်ဆုံးထမ်းလာခဲ့ပါ ဦးကြာညို၊ အရေးကြီးတယ်"

"အေးပါကွာ ... ဘယ်အခန်းကိုပို့ရမလဲ ကံသာ"

"ကျွန်တော့် အိပ်ခန်းထဲ"

"ဟင်"

"လောလောဆယ် အခန်းမှ မရှိသေးတာပဲ၊ မနက်မှ ကြည့်စီစဉ်ရမယ်"

ကံသာက ဆရာဝန်တစ်ယောက်ပဲ ဒီလိုမျိုးလူနာ တစ်ယောက်ကို ကြိတ်ပြီး ဆေးကုသခွင့်မရှိ ဘူးဆိုတာ သိပေမယ့် ကောင်မလေးဒဏ်ရာ သိပ်မဖြစ်လောက်ဘူးဟု ထင်ထားမိတာရော လမ်းပေါ်က အပျက်မလေးတစ်ယောက် ဟု ထင်၍ သူ့အိမ်ပဲခေါ်ဆောင်လာခဲ့တာဖြစ်သည် ။

"မောင်ကံသာ ဘယ်လိုဖြစ်ရတာလဲကွာ၊ အားပါး ကောင်မလေးက တော့ အရမ်းလှပလွန်းတယ်၊ ဝင်းဝင်းအိအိ ဖူးဖူးစင်စင်လေး"

"သွားပါတော့ ..."

"မင်းကို ကူညီရဦးမလား မောင်ကံသာ"

"ရပြီ"

ကံသာ အပိုစကားတွေမပြောချင်။ သူ့စိတ်တွေ နောက်ကျိရှုပ်ထွေးလွန်းနေသည် ။ မေမေက သူ့ကိုလက်ထပ်ဖို့ ချွေးမလောင်းတစ်ယောက် အတင်းအကြပ်ရှာဖွေကာ သူ့ရဲ့ ဆန္ဒကိုမေးမြန်းခြင်း မရှိဘဲ လူကြီးစုံရာနှင့် စေ့စပ်စေခဲ့တာရယ် ... သူ့ဆေးခန်းမှာ ဆေးခန်းလာပြနေတဲ့ လူနာ ရုတ်တရက်သေဆုံးသွားတာတွေ စုပြုံဖြစ်၍ ဖြစ်သည် ။

"မေမေ ရွေးချယ်ပေးတဲ့ ချွေးမကိုပဲ မင်းလက်ထပ်ရမယ် သား ကံ

သာ … မင်းက လူရိုးလူအေး တွေ့ကရာမိန်းကလေးတွေနဲ့ ရသွားမှာ မေမေအရမ်းစိုးရိမ်တယ်၊ မြသံသာက ဘယ်လောက်အိန္ဒြေရှိလဲ၊ ရုပ်ရည်ကလည်း ချောတယ်၊ ပညာလည်း တတ်တယ်၊ ပိုက်ဆံလည်း ချမ်းသာတယ်၊ လိုလေသေးမရှိအောင် ပြည့်စုံတဲ့ ချွေးမလေး”

ကံသာ ဘယ်တုန်းကမှ မေမေ့စကားကို ဆန့်ကျင်ပြောဆိုခဲ့တာ မရှိခဲ့ပေ။ သူငယ်စဉ်လေး ကတည်းကပင် မေမေက စည်းကမ်းတကျ ပုံစံသွင်းထားခဲ့လေသည် ။

“သားက မေမေ့ရဲ့ တစ်ဦးတည်းသော သားအလိမ္မာလေးပဲဖြစ်ရမယ် … မေမေ့ဆန္ဒက သားဆန္ဒပဲ”

သူ့ကို ဆရာဝန်ဖြစ်စေချင်သော မေမေ့စကားတစ်ခွန်းတည်းနှင့်ပင် သူဆရာဝန်ဖြစ်အောင် ကြိုးစားခဲ့ရသည် ။ မေမေ့စကားကို ငယ်စဉ်လေးထဲကပဲ ပယ်ရှားခွင့်မရှိခဲ့။ သူ ဆေးအိတ်ကိုယူကာ ကောင်မလေးရှိနေတဲ့ သူ့အိပ်ခန်းထဲဝင်လာ၏။ လူနာကိုငုံ့ကြည့်သည် ။

“ဦးလေးကြောညို ပြောသလိုပဲ အလွန်ချောမောတဲ့ ကောင်မလေးပဲ … မင်းဘယ်လိုကောင်မလေးမျိုးလဲ”

သူ သေသေချာချာကြည့်မိတော့မှ ကောင်မလေးက ညဝတ်အင်္ကျီပါးပါးလေးနှင့် လူပျိုကြီးပီပီ မျက်နှာတပြင်လုံး အပူငွေ့တွေဖြတ်သန်းသွားသလို ပူထူသွားရကာ အကြည့်ကိုဆတ်ခနဲ လွှဲပစ်လိုက်ရလေသည် ။

“ဘာလဲဟ … ပြဿနာပဲ၊ အပျက်မလေး”

ညဝတ်အပါးစားတိုတိုနံ့နံ့ကြောင့် ကောင်မလေးရဲ့ ခန္ဓာကိုယ်အလှအပတွေက မမြင်ချင်မှ အဆုံး ပိုက်ဆံအိတ်ကိုပိုက်ပြီး မလုံ့တလုံ အဝတ်အစားတွေနဲ့ လုံးဝကိုမသက်သာစရာ … သူ့စိတ်ထဲမှာ တော့ ညဥ့်ငှက်မ

လေးတစ်ကောင်းဟု ပဲ ထင်နေသည် ။ ပါးလွှာလွန်းတဲ့ အဖြူရောင်ပါးပါး အောက်မှာ အနက်ရောင်အတွင်းခံတွေက သူ့မျက်လုံးတွေထဲ ထင်းခနဲဖြစ်နေကာ ခေါင်းကိုခါရမ်းပစ်မိ၏။ မဖြစ်သေးပါဘူး။ လူနာကအသိကင်းမဲ့နေတယ် ဆေးကုရမှာ ပဲ သူ့အကြည့်ကိုလွှဲ၍ စောင်နှင့်အုပ်ပစ်လိုက်ပြီးမှ လူနာမျက်နှာကို အသေအချာကြည့်ရသည် ။။

"အကြောက်လွန်သွားတာဖြစ်မယ်၊ ဒဏ်ရာကမများ ပါဘူး ညဥ့်နက်သန်းခေါင် လျှောက်သွားနေတဲ့ ကောင်မလေးကများ "

သူ ဂွမ်းနဲ့ အရက်ပျံကိုယူပြီး ကောင်မလေးဒဏ်ရာအား ဆေးထည့်ရန် မျက်နှာပေါ်ဖုံးအုပ်နေသော ဆံနွယ်တွေကို ဖယ်ရှားပစ်လိုက်သည် ။

"မင်းမျက်နှာလေးကတော့ အပြစ်ကင်းနေတာပဲ၊ ဘယ်သူကထင်မှာ လဲ အပျက်မလေးလို့ "

ဖြူဝင်းအိနေတဲ့ နဖူးပြင်လေးပေါ်မှာ သူ့ကားဘက်ကြည့်မှန်နှင့် ရိုက်မိ၍ သွေးစို့နေတဲ့ ဒဏ်ရာလေးကို အရက်ပျံဆွတ်ထားတဲ့ ဂွမ်းစဖြင့် အသာအယာ သန့်ရှင်းရေးလုပ်ပေးလိုက်သည် ။ ဆေးထည့်ပြီး သွေးပေါင်ချိန်တော့ သွေးပေါင်ချိန်က ကောင်းနေသည် ။ နှလုံးခုန်နှုန်းကိုစစ်ဖို့တော့ စောင်ကိုဖယ်လိုက်ရမှာ တွန့်သွားသလိုပင်။

သူက မေမေ့ရဲ့ စည်းကမ်းတွေ ပိတ်ပင်တားဆီးမှုတွေကြောင့် မိန်းကလေးတွေနှင့် အထိအတွေ့မရှိ။ လူနာကလွဲပြီးတော့ပေ့ါ။ သူ့နားကြပ်အား နားမှာ တပ်ပြီး သူမနှလုံးခုန်သံကို စမ်းသပ်စစ်ဆေးဖို့ လက်တွေတုန်ချင်လာ၏။

ကံသာ မင်းဘာဖြစ်နေတာလဲ။ ဆရာဝန်လေ ... လူနာက မင်းကားနဲ့ တိုက်မိတာပဲ ... ဒီကောင်မလေး ဘယ်လိုဝတ်စားလာတာလဲမသိပါ

ဘူး။ သေချင်တယ်။ မထူးတော့တဲ့ အဆုံး စောင်ကို ဆွဲဖယ်ပစ်ပြီး အကြ ည့်တွေကိုလွှဲကာ သူမရင်ညွှန့်ဆီ နားကြပ်နှင့် ထောက် လိုက်လေသည် ။

“နှလုံးခုန်သံကကျယ်လိုက်တာ နားထဲမှာ ဆူညံသွားတာပဲ မင်းစိတ်တွေလှုပ်ရှားပြီး ကြားရတာလားကွာ”

နှလုံးခုန်သံလည်း ကောင်းနေတာပဲ။ အသက်အန္တရာယ်ကတော့ မစိုးရိမ်ရပါဘူး။ ဆေးတစ်လုံးထိုးရမယ် … ပြဿနာက ကောင်မလေး တင်ပါးကိုလှန်ဖို့ ပဲ။ သူဇောချွေးတွေပျံချင်သွား ရသည် ။ အုပ်ထားတဲ့ စောင်ကိုလည်း မဖယ်ရဲဘူး။ ဦးလေးကြာညိုကို လှမ်းခေါ်လိုက်ရင် ကောင်းမလား။ တော်ပြီ မကြာခင်သတိရလာမှာ ပါ။ ကောင်မလေးမျက်နှာလေးကို မရဲတရဲပြန်ကြည့်မိ၏။

ကားနှင့် ပွတ်တိုက်မိစဉ်က ကံသာ ထူပူပြီးကောင်မလေးကို ပွေ့တင်လာခဲ့တာ … ဂရုတစိုက်ပင်မကြည့်မိ။ နှာတံလေး ချွန်မြစင်းနေတာပဲ နှုတ်ခမ်းလေးက ပန်းသွေးရောင်ပြေးပြေးလေးနှင့် နှင်းဆီငုံလေးလိုပဲ။ မျက်တောင်လေးတွေက ကော့ညွှတ်ညွှတ် ဘာဖြစ်လို့ များ အပျက်မလေးဖြစ်နေရတာလဲ။ အင်းလေ … သူ့အကြောင်းနဲ့ သူရှိမှာ ပေါ့။ ကံသာ ဆက်ပြီးမနေရဲတော့ အပြင်ထွက်လာခဲ့သည် ။

“အင်း … အင်း … အား … ကျွတ် … ကျွတ် … အား”

“ဟင်”

သူ့ ခြေလှမ်းတွေ တလှမ်းနှစ်လှမ်းပင် မလှမ်းရသေး။ ကောင်မလေး ဆီမှ ညည်းညူသံလေးကြောင့် ခန္ဓာကိုယ်ကြီးက ဆတ်ခနဲပြန်လှည့်မိသွားရလေသည် ။

“အာ … ကြောက်တယ် … အရမ်းကြောက်တာပဲ … အား နာလိုက်

တာ … ကျွတ် … ကျွတ်”

လူးလွန့်လာတဲ့ ခန္ဓာကိုယ်လေးနှင့် အပြိုင်တိုးလျှည်သာစွာ ပြော ဆိုသံလေးထွက်ပေါ် လာသည် ။ သူ အသေအချာငုံ့ကြည့်လိုက်မိ၏။ ကောင်မလေးသတိရ လာပြီပဲ။ ကံသာထွက်ပြေးဖို့ စဉ်းစားမိပြီးမှ မဟု တ်သေးပါဘူး။ ဘာတွေ တုန်လှုပ်ချောက်ချားနေတာလဲ … မင်းကားနဲ့ တိုက်မိလာတာပါ … အသေအချာတော့ စစ်ဆေးမေးမြန်းသင့်တယ်။ ကြောက်လန့်ပြီးထွက်ပြေးစရာ အကြောင်းမှ မရှိတာပဲ။ သူ့စိတ်တွေကို ပြန်၍ ထိန်းချုပ်ပစ်လိုက်ကာ လူနာအားကြည့်သည် ။

“ဟင် … ရှင် … ရှင်ဘယ်သူလဲ၊ အို … ကျွန်မ ဘယ်ရောက်နေတာ လဲ”

သူမ ကြောက်လန့်တကြားနှင့် လူးလဲထပြီးမှ အားခေါင်းထဲမူးလိုက် တာဟု ပြောကာ ပြန်လဲကျသွားသည် ။ မင်းကများ ကြောက်နေရသေး တယ်။ ဘယ်လိုနည်းနဲ့ မှ မိန်းမကောင်းလေး တစ်ယောက်မဖြစ်နိုင် … အပျက်မလေးပါ။ ဒီလောက်ချောမော လှပလွန်းနေ၍ လည်း ပိုက်ဆံ တွေသိန်းနဲ့ ချီပြီး ရရှိလာခြင်းဖြစ်နိုင်သည် ။

ဒါမှ မဟုတ် ငွေတွေကိုခိုးပြီး အိပ်ရာထဲကနေ လူမသိ သူမသိ ထ၍ ထွက်ပြေးလာတာလည်း ဖြစ်နိုင်၏။ သက်ဆိုင်ရာကို အကြောင်းကြား လိုက်ရင် ကောင်းမလားပဲ။ သူမ မျက်တောင်ကော့ကော့လေးတွေကို တ ဖျတ်ဖျတ်ခတ်ကာ မဝံ့မရဲလေးပြန်ကြည့်သည် ။

“မင်းကို ကားနဲ့ တိုက်မိသွားတယ်၊ ကိုယ်ကလည်း အရေးတကြီး ကားမောင်းပြီး ပြန်လာတာပါ၊ နည်းနည်းအိပ်ငိုက်သွားတယ်ထင်တယ်၊ မင်း … သတိလစ်နေလို့ အိမ်ကိုပဲခေါ်လာခဲ့တာပါ၊ ကိုယ့်နာမည်က ကံ သာ … ဒေါက်တာမင်းကံသာပါ”

“ဒေါက်တာ”

သူမ သတိရပါပြီ။ မာမီချို့က ငွေအိတ်ပေးပြီး အတင်းပြေးခိုင်းသဖြင့် ချစ်ခြင်း ထွက်ပြေးလာခဲ့တာ ... ရပ်ကွက်ထိပ်ရောက်မှ ကားတစ်စီးက ဝင်တိုက်တာ။ သူမအကြောက်လွန်၍ သတိလစ်သွားလေသည် ။ သူမ ရောက်နေတာက အရမ်းချမ်းသာတဲ့ တိုက်ကြီးထဲမှာ ။ တင့်တယ်ခမ်းနားလွန်းသော အိပ်ခန်းကြီးတစ်ခန်းထဲမှာ ဒေါက်တာမင်းကံသာတဲ့ ... ။ ချစ်ခြင်း ကံကောင်းတာပဲလား။ ဒေါက်တာမင်းကံသာတဲ့ ... ။ ချစ်ခြင်း ကံကောင်းတာပဲလား။ ဒေါက်တာမင်းကံသာကို ကြည့်ရတာ အန်ကယ်ဂျော်နီလို ရမ္မက်ခိုးတွေဝေနေတဲ့ ရီဝေဝေမျက်ဝန်းမျိုးမဟုတ်။ တကယ့်ကိုပဲ ရိုးသားတည်ကြည်ပြီး လူကြီးလူကောင်းတစ်ယောက်ရဲ့ မျက်ဝန်းတွေပါ။

“မင်းဒဏ်ရာက ကိုယ့်ဘက်ကြည့်မှန်နဲ့ တိုက်မိတဲ့ ဒဏ်ရာလေးပဲရှိတာပါ။ မင်းအကြောက်လွန်သွားလို့ သတိလစ်သွားတာ ... အခုရော မင်းကောင်းကောင်း သတိရပြီလား”

“ရှင်”

သူမ ခန္ဓာကိုယ်ပေါ်စောင်ထူထူကြီး တစ်ထည်လွှမ်းခြုံထားသည် ။ သူအုပ်ထားတာပဲဖြစ်မည်။ အို ... ဘုရားရေ ချစ်ခြင်း ထွက်ပြေးလာတာ ညဝတ်အင်္ကျီပါးပါးလွှာလွှာ လေးနှင့်ပါ။ မာမီချို့က အတင်းဝတ်ခိုင်းလို့ ချစ်ခြင်း မဝတ်ချင်ပါဘဲနှင့် စိတ်မလုံမခြုံစွာ အိပ်ခဲ့ရသည် ။ ရှက်လိုက်တာနော်။ သူမြင်သွားပြီလားပဲ။

“ကျွန်မ ဒီဝတ်စုံကြီးကို မဝတ်ပါရစေနဲ့ မာမီချို့ရယ်၊ ရှက်တယ် ... စိတ်လည်း မလုံဘူး၊ ဒီအတိုင်းပဲ အိပ်ပါ့မယ်၊ အောက်ခံတွေကလည်း အနက်ရောင်ကြီးတွေ ထင်းနေတာပဲ”

"ဘာဖြစ်လို့ ရှက်ရမှာ လဲ ချစ်ခြင်းလေးရယ် ... မာမီချိုတို့ သမီးလေး အဆင့်အတန်းမြင့်မြင့် နေစေချင်တယ် ဝတ်စမ်းပါ"

သူမမျက်ဝန်းပြူးပြူးကြောင်ကြောင်တွေကို ဖြတ်ခနဲ၊ ကြောက်လန့်တကြား ပြန်ပိတ်ပစ်လိုက်သည် ။။ ရှက်တယ်။ သူမရဲ့ ခန္ဓာကိုယ်ကို ဒေါက်တာ မမြင်ချင်မှ အဆုံး မြင်သွားရပြီလား။ သေပစ်လိုက်ချင်တယ်။ ဒါကြောင့် စောင်ကြီး ခြုံထားတာပဲထင်တယ်။

"ဟော့ မင်းသတိကောင်းကောင်း ရပြီလား၊ ဘယ်ဖြစ်လို့ လဲ ခေါင်းမူးလို့ လား"

"အင်း ..."

ချစ်ခြင်းမျက်ဝန်းတွေကို ပြန်မဖွင့်ရဲတော့။ မျက်နှာပြင်ပေါ် ရေနွေးတွေ ပတ်ဖြန်းလိုက်ခြင်းခံရသလို ပူလောင်စပ်ဖျင်းနေကာ ချစ်ခြင်းထပြီး ထွက်ပြေးချင်နေသည် ။

"မင်း .... ခဏလောက်နားလိုက်ပါ၊ ဒါ ... ကိုယ့်အိပ်ခန်းပဲ ရတ်တရက် အခန်းမစီစဉ်နိုင်လို့ ... မင်းအိပ်နေပါဦး ၊ ရော့ ဒါက မင်းပိုက်ဆံအိတ် ... နားပါ"

ဒေါက်တာမင်းကံသာဆိုတဲ့ လူ ပြန်ထွက်သွားတာကို သူမသိလိုက်သည် ။ တံခါးပြန်ပိတ်သံ ကြားလိုက်မှ အသက်ကိုပြန်ရှူသွင်းရပြီ။ မျက်လုံးတွေ ဖွင့်ကြည့်မိ၏။

ဘယ်လို ဆက်လုပ်ရမလဲ ... ချစ်ခြင်းမှာ ပြေးစရာလည်း မြေမရှိတော့ဘူး။ ဒါ ဘယ်လိုနေရာမျိုးလဲ ... ချစ်ခြင်းကြောင့် အန်ကယ်ဂျော်နီ သေသွားပြီလား။ မာမီချိုကတော့ ငွေတွေယူပြီး အဝေးဆုံးကိုလွတ်အောင်ပြေးပါတဲ့ ။ တွယ်တာက မာမီ့လက်ထဲ ယုံကြည်လို့ အပ်ခဲ့တာ မရက်စ

က်နိုင်ဘူးတဲ့ ။ ညည်းလေးသိတယ်မဟုတ်လား ဂျော်နီက မိန်းကလေးတွေကို ထိန်းထားပြီး စီးပွားရှာတဲ့ ပြည့်တန်ဆာခေါင်းကြီးပဲတဲ့ ။

သူမ ကြောက်ကြောက်လန့်လန့်နှင့် ထွက်ပြေးလာခဲ့တာပါ။ ချစ်ခြင်းလုံခြုံစိတ်ချရတဲ့ နေရာလေးမှာ နေမှ ဖြစ်မယ်။ သူမ မျက်ဝန်းတွေထဲမှာ မျက်ရည်တွေ လိမ့်ဆင်းကျ လာလေသည် ။

*